# LESSON 28 写真(しゃしん)を撮(と)ってもいいですか

**Shashin o totte mo ii desu ka**

ဓာတ်ပုံရိုက်လို့ ရပါသလား။



## ဒီနေ့အတွက် ဇာတ်ဝင်ခန်း

| | | |
|---|---|---|
| ミーヤー：<br>မီးယာ | 大人(おとな)1人(ひとり)お願(ねが)いします。<br>Otona hito⌉ri onegai-shima⌉su. | လူကြီးတစ်ယောက် လက်မှတ်ပေးပါ။ |
| | すみません。<br>Sumimase⌉n. | တစ်ဆိတ်လောက်ရှင်။ |
| | 写真(しゃしん)を撮(と)ってもいいですか。<br>Shashin o to⌉tte mo i⌉i de⌉su ka. | ဓာတ်ပုံရိုက်လို့ ရပါသလား။ |
| 受付(うけつけ)　：<br>ကြိုဆိုရေး ကောင်တာ | ええ、いいですよ。<br>E⌉e, i⌉i de⌉su yo. | အင်း။ ရပါတယ်။ |
| ミーヤー：<br>မီးယာ | すてき!<br>Suteki! | ကြည်နူးစရာကောင်းလိုက်တာ။ |
| 案内係(あんないがかり)：<br>ဧည့်ကြို | お客様(きゃくさま)、<br>Okyakusa⌉ma,<br>ここから先(さき)はご遠慮(えんりょ)ください。<br>koko kara saki wa goenryo-kudasa⌉i. | ဧည့်သည်ခင်ဗျား၊ ဒီကနေ ရှေ့ဆက်တာတော့ သည်းခံပါ။ |
| ミーヤー：<br>မီးယာ | あ、すみません。<br>A, sumimase⌉n. | ဟုတ်ကဲ့။ စိတ်မရှိပါနဲ့။ |

### ဝေါဟာရ

- 大人(おとな)　လူကြီး — otona
- ええ　အင်း — e⌉e
- すてき(な)　ကြည်နူး/နှစ်လိုစရာ — suteki (na)
- お客様(きゃくさま)　ဧည့်သည်၊ လူကြီးမင်း — okyakusa⌉ma
- 先(さき)　ရှေ့ — saki
- 遠慮(えんりょ)する　သည်းခံရှောင်ကြဉ်တယ် — enryo-suru

အဓိက အသုံးအနှုန်း

# 写真を撮ってもいいですか。

Shashin o to˥tte mo i˥i de˥su ka.

ဓာတ်ပုံရိုက်လို့ ရပါသလား။

တစ်ဖက်လူဆီမှာ ခွင့်တောင်းတဲ့အခါ “[TE-ပုံစံကြိယာ] + mo ii desu ka” လို့ မေးရပါတယ်။ “-te mo ii (desu)” ဆိုတာကတော့ “XXX လုပ်လို့ရတယ်” လို့ အဓိပ္ပာယ်ရပြီး ခွင့်ပြုတယ် ဆိုတာကို ဖော်ပြပါတယ်။ “shashin o totte” ဆိုတာ “shashin o toru” “ဓာတ်ပုံရိုက်တယ်” ရဲ့ TE-ပုံစံ ဖြစ်ပါတယ်။

(စာမျက်နှာ ၁၅၀-၁၅၁ ကို ကြည့်ပါ။)

သုံးကြည့်ကြရအောင်

この服、試着してもいいですか。

Kono fuku˥, shichaku-shite˥ mo i˥i de˥su ka.

もちろんです。

Mochi˥ron de˥su.

ဒီအဝတ် ဝတ်ကြည့်လို့ ရပါသလား။

ရပါတယ်ရှင်။



ကြိုးစားကြည့်ရအောင်

～てもいいですか。　　XXX လို့ရပါသလား။

～te mo i˥i de˥su ka.

① 入る (→入って)

ha˥iru (→ha˥itte)

ဝင်တယ်



② 休む (→休んで)

yasu˥mu (→yasu˥nde)

နားတယ်



ဆက်စပ်တိုးပွား စကားလုံးများ

လူအရေအတွက် ရေတွက်နည်း

| 1 | 2 | 3 | 4 | 5 |
|---|---|---|---|---|
| hito˥ri | futari˥ | san-nin<br>san-ni˥n | yo-nin<br>yo-ni˥n | go-nin<br>go-ni˥n |

 ©NHK WORLD-JAPAN



မိုက်ခ်နဲ့အတူပျော် ခေတ်ပေါ်ယဉ်ကျေးမှု

# ဂျပန်က တေးဂီတ

ဂျပန်က တေးဂီတမှာ ပုံစံအမျိုးမျိုး ရှိပါတယ်။ J-pop လို့ခေါ်တဲ့ ဂျပန်ပေါ့ပ်သီချင်း၊ အာနီမဲကာတွန်း ရုပ်ရှင်သီချင်း၊ အဲန်းကသီချင်းတွေအပြင်၊ ကိုတို စောင်း၊ သုံးကြိုးတပ်တူရိယာ ရှာမီစဲန်း၊ ဝါဒိုင်းကို ပုံ စတဲ့ ဂျပန်တူရိယာတွေကို အသုံးပြုတဲ့ ရိုးရာဂီတလည်း ရှိပါတယ်။

ကိုတို စောင်း ဖျော်ဖြေမှု



ဝါဒိုင်းကို ပုံ ဖျော်ဖြေမှု



©Kodo, Taiko Performing Arts Ensemble/Takashi Okamoto

J-pop တစ်မျိုးတည်းမှာတောင် အိုင်ဒေါ်လ် အဖွဲ့၊ ရော့ခ် ဂီတအဖွဲ့ စသဖြင့် ပုံစံအမျိုးမျိုးနဲ့ ဂီတသမားတွေ ရှိနေပါတယ်။ ဒါ့အပြင် ပြည်တွင်းရော ပြည်ပက ဂီတပညာရှင်တွေ အများကြီး ပါဝင်တဲ့ အကြီးစား ဖျော်ဖြေပွဲ “ဂီတပွဲတော်” တွေလည်း နိုင်ငံအနှံ့မှာ ကျင်းပကြပါတယ်။

Summer Sonic




©SUMMER SONIC

Fuji Rock Festival



©Masanori Naruse

အဖြေ

① 入(はい)ってもいいですか。 Haˈitte mo iˈi deˈsu ka.

② 休(やす)んでもいいですか。 Yasuˈnde mo iˈi deˈsu ka.


©NHK WORLD-JAPAN